**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ**
**ညွှန်ကြားချက်အမှတ်၊ ၂/၂၀၁၆**
**နေပြည်တော်၊ ၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၁၁) ရက်**
**၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၉) ရက်**

၁။ အသေးစား ငွေရေးကြေးရေးလုပ်ငန်းဥပဒေပုဒ်မ ၆၈ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ၂၅-၇-၂၀၁၆ ရက်နေ့တွင် ကျင်းပသော အသေးစားငွေရေး ကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီအစည်းအဝေးအမှတ်စဉ် (၁/၂၀၁၆) ကြိမ်မြောက် အစည်း အဝေးဆုံးဖြတ်ချက်အရ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသည် ဤညွှန် ကြားချက်အမှတ် ၂/ ၂၀၁၆ ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများသည် ပြည်တွင်းပြည်ပမှ ချေးငွေရယူခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်-

(က) ပြည်တွင်းမှ ဖြစ်စေ၊ ပြည်ပမှ ဖြစ်စေ ချေးငွေရယူပါက အသေးစားငွေရေးကြေးရေး လုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ သဘောတူအတည်ပြုချက်ဖြင့်သာ ရယူရမည်။

(ခ ) နိုင်ငံခြား သုံးငွေဖြင့်ဖြစ်စေ ၊ နိုင်ငံခြားသုံးငွေကို နောက်ခံပြုသော ကျပ်ငွေဖြင့် ဖြစ်စေ ချေးငွေရယူပါက နိုင်ငံခြားငွေစီးဝင်၊ စီးထွက်မှုကို ကြီးကြပ်နိုင်ရန်အတွက် နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှု စည်းမျဉ်းအပိုဒ် ၄၈ အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

(ဂ ) ငွေချေးယူခွင့်နှင့်ပတ်သက်၍ အသေးစား ငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှု ကော်မတီသို့ တင်ပြရာတွင် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြလျှောက်ထား ရမည်-

(၁) ချေးငွေရယူမှုသဘောတူစာချုပ်

(၂) စာရင်းစစ်၏ နောက်ဆုံးစစ်ဆေးပြီးသော အရှုံးအမြတ်ရှင်းတမ်းနှင့်လက်ကျန် ရှင်းတမ်း

(၃) အရင်းအတိုး ပြန်လည်ပေးဆပ်ရန် ပျက်ကွက်နေသော ချေးငွေ အခြေအနေ (Non-Performing Loan)

(၄) ဆုံးရှုံးနိုင်ခြေရှိသောချေးငွေအခြေအနေ (Portfolio at Risk {PAR} )

(၅) လက်ရှိလုပ်ငန်းဆောင်ရွက်နေသော နယ်မြေဒေသ၊ အသင်းဝင်ဦးရေ၊ ထုတ်ချေးငွေလက်ကျန်၊ ထည့်ဝင်ပြီး မတည်ငွေရင်းများ ပါဝင်သော လုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(၆) ယခုရယူသော ချေးငွေဖြင့် လုပ်ငန်းတိုးချဲ့ဆောင်ရွက်မည့်အစီအစဉ် (ဥပမာ နယ်မြေတိုးချဲ့ခြင်း၊ အသင်းဝင်များအား ချေးငွေ ပိုမိုထုတ်ချေးခြင်း၊ IT ဝန်ဆောင်မှုအဆင့်မြှင့်ခြင်း)

(၇) ချေးငွေရယူခြင်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းတွင် အမှန်တကယ် အသုံးပြုမည်ဖြစ်ကြောင်း ဝန်ခံချက်

(၈) ချေးငွေထုတ်ပေးသည့် အဖွဲ့အစည်း၏ ယုံကြည်စိတ်ချရမှု

(၉) အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ချေးငွေရယူရာတွင် Solvency Ratio သတ်မှတ်ချက်ထက် မကျော်လွန်ကြောင်း ဝန်ခံကတိပြုချက်

၃။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီ၏ ညွှန်ကြားချက်အမှတ် (၃/၂၀၁၄) နှင့် (၂/၂၀၁၅) တို့ဖြင့် ထုတ်ပြန်ခဲ့သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ ပြည်တွင်းပြည်ပမှ ချေးငွေရယူရန် သတ်မှတ်ချက်များကို ဤညွှန်ကြားချက်ဖြင့် ကျော်လွန် လွှမ်းမိုးလိုက်သည်။

ကျော်ဝင်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

အမိန့်အရ

(ဒေါက်တာစန္ဒာဦး)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ